# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
## (၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

**ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ တက်ရောက်မယ့် ခွင့်ပန်ကြားသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၃ ရက်၊

(၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၅ ရက်၊

(၅) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၅ ရက်၊

(၆) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၅ ရက်၊

(၇) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊

(၈) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၃ ရက်၊

(၉) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၅ ရက်၊

(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၁၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၁၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၅ ရက်၊

(၁၃) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၁၅) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၁၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၁၇) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၁ ရက်၊

(၁၈) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

(၁၉) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၂၀) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၂ ရက်၊

(၂၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၂) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၅ ရက်၊

(၂၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၅ ရက်၊

(၂၄) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၂၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၂၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၅ ရက်၊

(၂၇) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၂၈) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၃ ရက်၊

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၀) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၂ ရက်၊

(၃၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါ်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၃၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၃၃) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၄) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၅) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၃၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၂ ရက်၊

(၃၇) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၃၈) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၃၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၄၀) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်နှင့်

(၄၁) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ရွှေကူမြို့နယ်၊ ရွှေချောင်းသာရွာနှင့် နောင်မိုကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုစီ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေချောင်းသာကျေးရွာအုပ်စုနှင့် နောင်မို ကျေးရွာအုပ်စုတို့၏ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုစီ ဖွင့်လှစ်ပေးရေးနှင့်စပ်လျဉ်း၍ မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ ရွှေချောင်းသာကျေးရွာအုပ်စုတွင် ရွှေချောင်းသာကျေးရွာ၊ ရွှေပဒေသာ ကျေးရွာ၊ မဟာနဒီကျေးရွာဟူ၍ ကျေးရွာသုံးရွာရှိပြီး ကျောက်ကြီးကျေးရွာအုပ်စု၊ ကျောက်တုံးကျေးရွာ နှင့်လည်းနီးစပ်ပါတယ်။ အခြားကျေးရွာများမှ တောင်သူများ ရွှေချောင်းသာအုပ်စုနှင့်နီးစပ်သော ယာခင်းတဲစုများနှင့်လည်း လက်လှမ်းမီပါတယ်။ တစ်ရွာနှင့်တစ်ရွာချောင်းများခြားထားခြင်းကြောင့် မိုးရာသီတွင် မြစ်ရေကြီး၍ စက်လှေများဖြင့်သွားလာရပါတယ်။ ရွှေချောင်းသာ ကျေးရွာအုပ်စုသည် ရွှေကူမြို့နယ်ဆေးရုံနှင့် ငါးမိုင်ခန့်ဝေးပြီး ဧရာဝတီမြစ်၏တစ်ဖက်ကမ်းတွင် တည်ရှိပါတယ်။ မြို့ကုန်း ကျေးလက်ကျန်းမာရေးဌာနနှင့် ၁၂ မိုင်ဝေးပြီး ရေလဲ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၂ မိုင်ခန့် ဝေးပါတယ်။ ရွှေချောင်းသာကျေးရွာအုပ်စုသည် ဧရာဝတီမြစ်၏အလယ်တည့်တည့်ရှိ ကျွန်းများဖြစ်ကြ ပြီး ရေလမ်းခရီးကိုသာ အဓိကထားသွားလာရပါတယ်။ ဆေးရုံ၊ ဆေးခန်းများနှင့် အလှမ်းဝေးပြီး မိခင် နှင့်ကလေး၊ မွေးလူနာများအတွက် ဆက်သွယ်ရေးခက်ခဲကြမ်းတမ်းခြင်းကြောင့် မဖြစ်သင့်သည်များ

**မူကြမ်း**

မကြာခဏကြုံတွေ့ရပါတယ်။ သို့ပါ၍ ရွှေချောင်းသာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုဖွင့်လှစ်ပေးရန် ကျေးရွာနေပြည်သူများက တင်ပြတောင်းဆိုလာကြပါတယ်။ ရွှေကူမြို့နယ်၊ နောင်မိုကျေးရွာအုပ်စုရှိ ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်း၌တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ချောင်ကျသောဒေသဖြစ်၍ ဧရာဝတီမြစ်လမ်းကိုသာ အသုံးပြုသွားလာနေရပါတယ်။ နောင်မို ကျေးရွာအုပ်စုတွင် နောင်မိုရွာ၊ ဇင်းဘုံရွာ၊ ကျောက်ပြန့်စခန်း၊ ဝဲမစခန်း၊ စပါးတိုးစခန်းဟူ၍ အစု လိုက်အလုပ်သမားစခန်းများတည်ရှိပါတယ်။ နောင်မိုကျေးရွာသည် ဧရာဝတီမြစ်၏ တစ်ဖက်ကမ်း တွင်တည်ရှိ၍ ရွှေကူမြို့ဆေးရုံနှင့်ရေမိုင် ၂၀ ကျော်၊ မြို့ကုန်းကျေးလက်ကျန်းမာရေးဌာနနှင့်မိုင် ၂၀၊ သဘော်အင်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၃ မိုင်ခန့်ဝေးပါတယ်။ ဧရာဝတီမြစ်ကျဉ်းသောင်များ ကြားတွင် တည်ရှိနေပြီး တစ်နှစ်ပတ်လုံး ဧရာဝတီမြစ်ကိုသာ ဆက်သွယ်ရေးလမ်းမကြီးအဖြစ် အသုံးပြု နေရ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသဖြင့် နောင်မိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ဖွင့်လှစ်ပေးမှသာလျှင် ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍(၁) ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေချောင်းသာအုပ်စု၊ ရွှေချောင်းသာရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိ(က) အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်း။ (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဖွင့်ပေးမည်နည်း။ (၂) ရွှေကူ မြို့နယ် နောင်မိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (က) အစီအစဉ်မရှိပါကအဘယ်ကြောင့်နည်း။ (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်၏မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ကိုယ်စား ကျွန်မ ဒုတိယဝန်ကြီးဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေချောင်းသာကျေးရွာအုပ်စုသည် ရွှေကူမြို့နယ်ဆေးရုံနှင့် ၅ မိုင်၊ မြို့ကုန်း ကျေးလက်ကျန်းမာရေးဌာနနှင့် ၁၂ မိုင် ကွာဝေးပါတယ်။ ရွှေချောင်းသာကျေးရွာအုပ်စုတွင် အိမ်ခြေ ၂၄၅ အိမ်၊ လူဦးရေ ၁၅၆၈ ဦးရှိပြီး နောင်မိုကျေးရွာသည် သဘော်အင်းကျေးလက်ကျန်းမာရေး ဌာနခွဲအောက်တွင်ရှိသော ကျေးရွာဖြစ်ပြီး ၎င်းသဘော်အင်းကျေးရွာအုပ်စုတွင် သဘော်အင်း၊ နောင်မို၊ ဇင်းဘုံ ရွာသုံးရွာဖြင့် ဖွဲ့စည်းထားပါတယ်။ သဘော်အင်းကျေးရွာအုပ်စုတွင် လူဦးရေ ၂၅၉၂ ဦး၊ အိမ်ခြေ ၄၄၃ အိမ်ရှိပြီး မြေပြင်အနေအထားအရ နောင်မိုကျေးရွာအစား ဇင်းဘုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် ဒေသလိုအပ်ချက်ဖြင့် ကချင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန မှ တင်ပြထားခဲ့ပါတယ်။ ထို့အပြင် ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေး ဝန်ကြီးဌာန၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၄) ၏ ဆုံးဖြတ်ချက်အရ ရွှေကူမြို့နယ်၊ ရွှေချောင်းသာကျေးရွာနှင့် ဇင်းဘုံကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုစီ ဖွင့်လှစ် ပေးရန် သဘောတူညီထားပြီးဖြစ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မာန်အောင်မြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံကြီးနှင့် အလှမ်းကွာဝေးနေသော ဒိုးတန်းကျေးရွာ၊ ခါးအုန်းမော်ကျေးရွာနှင့် မြင်းဆိပ်ပြင်ကျေးရွာတို့တွင် ကျေးလက်ဆေးပေးခန်း (၃)ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဦးအောင်စိန်ဖြစ်ပါတယ်။ကျွန်တော်ဒီနေ့ဆွေးနွေးမည့်မေးခွန်းကတော့ ကျွန်တော်တို့ မာန်အောင် မြို့နယ်မှာ မာန်အောင်ကျွန်း၊ ရေးကျွန်းနှင့် တိုက်ကျွန်းဆိုပြီးတော့ ကျွန်းသုံးကျွန်းရှိပါတယ်။ ကျေးရွာ ပေါင်း ၁၃၈ ရွာရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၁၇ ခုပဲရှိတဲ့အတွက်ကြောင့်

ကျေးလက်ကျန်းမာရေးဌာနခွဲများ အလွန်ပင်နည်းနေပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တင်ပြတဲ့ ဒိုးတန်းကျေးရွာ၊ ခါးအုန်းမော်ကျေးရွာ၊ မြင်းဆိပ်ပြင်ကျေးရွာတို့နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲသုံးခုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းနှစ်ခုကို မေးမြန်းအပ်ပါတယ်။ (၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အထက်ပါကျန်းမာရေးဌာနခွဲသုံးခုကို ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ။(၂) ဖွင့်လှစ်မပေးနိုင်ပါက ဘာကြောင့်လဲ၊ ဘယ်တော့ဖွင့်လှစ်ပေးမလဲဆိုတာကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံနှစ်ရုံ၊ စုစုပေါင်း ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခုနစ်ဌာနတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ဒိုးတန်းကျေးရွာဟာ ကျောက်တန်းကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိပါတယ်။ ဒိုးတန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက အိမ်ခြေ ၁၉၈ အိမ်၊ လူဦးရေ ၁၀၀၀ နီးပါးခန့်အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မှာဖြစ်ပါတယ်။ ၎င်းအပြင် အဆိုပါကျေးရွာဟာ ကျွန်း၏အလယ်ပိုင်း ခက်ခဲသော တောင်တန်းကြားတွင်တည်ရှိသောကျေးရွာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးသွားလာရန် အလွန်ခက်ခဲပါသဖြင့် ဒိုးတန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဆက်လက်၍ ခါးအုန်းမော်ကျေးရွာသည် ငပိုကုန်းကျေးလက်ကျန်းမာရေးဌာနအောက်မှာ တည်ရှိပါတယ်။ ၎င်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီးဖြစ်ပါတယ်။

မြင်းဆိပ်ပြင်ကျေးရွာသည် ကျောက်တန်းကျေးလက်ကျန်းမာရေးဌာန၊ မင်းပြင်ကျေးလက်ကျန်းမာရေးဌာနခွဲအောက်မှာရှိပါတယ်။ လူဦးရေနည်းပါးပြီး မင်းပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ နှင့် ၄ ဖာလုံသာကွာဝေးပါသဖြင့် မြင်းဆိပ်ပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ထပ်မံဖွင့်လှစ်ရန်အတွက် လောလောဆည်အစီအစဉ်မရှိသေးပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**ရွှေပြည်သာမြို့နယ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျပ်သိန်း(၂၀၀)တန် ဆေးခန်း(၂)ခုအတွက် ခွင့်ပြုငွေကို တိုင်းဒေသကြီးမှ ဖြတ်တောက်လိုက်ခြင်းနှင့် ဝန်ကြီးဌာနအလိုက် ခွင့်ပြုငွေအား (၉)လတာကာလမျှ အသုံးမပြုဘဲရှိနေခြင်းတို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)** ။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဘတ်ဂျက်နှင့်ပတ်သက်လို့မေးခွန်းမေးမြန်းတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ခွင့်ပြုချက်အရ ကျွန်တော်တို့ ရွှေပြည်သာမြို့နယ်မှာ ဆေးခန်းနှစ်ခု ခွင့်ပြုမိန့်ရရှိခဲ့ပါတယ်။ ဒါလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(က)ကနေ (စ)အရ အဲဒီနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ပြဋ္ဌာန်းတဲ့အတိုင်းပဲ သက်ဆိုင်ရာနှစ်မှာ သုံးစွဲရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူလူထုကို ဆေးခန်းရတဲ့အကြောင်း အသိပေးပါတယ်။ ပြည်သူကလည်း ဝမ်းသာပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်များဟာ သတ်မှတ်တဲ့မြို့နယ်တွေမှာ မိမိကိုယ်မိမိ ရွာဘုံကျွန် လိုသဘောထားပြီးတော့ လုပ်ကြပြီးတော့ ပြည်သူလူထုရဲ့ပီတိကို ကျေနပ်နေရတာဖြစ်ပါတယ်။ သို့သော် မတ်လကနေပေးလိုက်တဲ့ ဆေးခန်းနှစ်ခုဟာ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတင်းအစအနမရတဲ့အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကိုမေးလိုက်ပါတယ်။ မေးလိုက်ပြီးတဲ့အခါမှာ မကြာခင်မှာပဲ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ ကမ္ဘာ့ဘုရင်ကုမ္ပဏီကနေပြီးတော့ ဗီနိုင်းနှစ်ခု လာချိတ်ပါတယ်။ ချိတ်တော့ ကျွန်တော်သွားမေးပါတယ်။ ဘာဖြစ်လို့ အခုမှချိတ်တာလဲ။ ဖေဖော်ဝါရီလဆိုတော့ လုပ်ဖို့လက တစ်လပဲကျန်ပါတော့တယ်။ သူတို့ကလည်းရှင်းပြပါတယ်။ ၂၆-၁-၂၀၁၅

အဲဒီအချိန်ကျမှ သူတို့ကို တင်ဒါပေးတယ်လို့ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြို့မှာ ယနေ့ အဲဒီဆောက်လုပ်ရေးလုပ်ငန်း နှစ်ခုလုံးဟာ မြေသားလုပ်ငန်းပဲလုပ်နိုင်ပါသေးတယ်။ ဘတ်ဂျက်နှစ် လည်းကုန်သွားပါပြီ။ ဒီဘက်နှစ်ကို လည်းရောက်သွားပါပြီ။ ဒါကြောင့် ကျွန်တော်သိလိုတဲ့ မေးခွန်း ကတော့ (၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုကနေပြီးတော့ လွှတ်တော်ကနေပေးလိုက် တဲ့လုပ်ငန်းတွေဟာ ပြည်ထောင်စုလွှတ်တော်ကနေ ခွင့်ပြုပြီးတော့ တိုင်းဒေသကြီးက ဖြတ်တောက် တဲ့အစီအစဉ်တွေရှိနေလား။ ဒါမျိုးလုပ်ခဲ့လို့ရှိရင် ဥပဒေနှင့်ညီညွတ်ပါသလား။ ဘယ်လိုအရေးယူ ဆောင်ရွက်ထားပါသလဲ။ (၂)မေးခွန်းကတော့ နှစ်စဉ်မတ်လမှာခွင့်ပြုလိုက်တဲ့ ဒီငွေတွေကို ဒီဇင်ဘာလ အထိ ဆောင်ရွက်ခြင်းမပြုဘဲနဲ့ ကိုးလကျော် ၁၀ လလောက် ခွင့်ပြုငွေကို အသုံးမပြုဘဲထားတာကို သိပါသလား။ မည်သို့ထိန်းသိမ်းပြီးတော့ ဘယ်သူ့မှာတာဝန်ရှိပါသလဲ။ (၃)ကတော့ အခုလို လုပ်ငန်း စီမံကိန်းတွေ ဖြစ်ပျက်နေတဲ့အခြေအနေကို ပြည်ထောင်စုအစိုးရအနေနဲ့ သိရှိပါသလား။ သိရှိရင် မည်သို့အရေးယူထားပါသလဲ။ နောင်မှာမဖြစ်ဖို့အတွက် ဘယ်လိုစီမံထားပါသလဲဆိုတဲ့မေးခွန်းကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ရွှေပြည်သာမြို့နယ်၊ (၆/၉)ရပ်ကွက်ဒေသန္တရဆေးပေးခန်း အကြီးစားမွမ်းမံခြင်းဆောင်ရွက်ရန် ကျပ်သန်း ၂၀ နှင့် ရွှေပြည်သာမြို့နယ်၊ (ဃ)ရပ်ကွက် ဒေသန္တရ ဆေးပေးခန်း အကြီးစားမွမ်းမံခြင်းဆောင်ရွက်ရန် ကျပ်သန်း ၂၀ ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ခွင့်ပြုချက်အရ ၎င်းဒေသန္တရဆေးပေးခန်းနှစ်ခု အကြီးစားမွမ်းမံရန် ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနသို့ ၂၅-၄-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၆၀/ဘ၀(စ) ငွေလုံးငွေရင်း/၂၀၁၄-၂၀၁၅ ဖြင့် ရန်ပုံငွေခွဲဝေပေး ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်

အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေခွဲဝေပေးခဲ့ခြင်းဖြစ်ပြီး ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းများမရှိခဲ့ပါ။ အဆိုပါဒေသန္တရဆေးပေးခန်းနှစ်ခုမှာ မြေပြင်လေ့လာချက်အရ ယိုယွင်းပျက်စီးလျက်ရှိသဖြင့် ယခင်တင်ပြခွင့်တောင်းထားသည့် အကြီးစားမွမ်းမံခြင်းအစား အဆောက်အဦအသစ်ဆောက်လုပ်သင့်သဖြင့် ဒေသန္တရဆေးပေးခန်း အသစ်ဆောက်လုပ်ရန်အတွက် အဆောက်အဦများ ရန်ပုံငွေခေါင်းစဉ်လွှဲပြောင်းသုံးစွဲခွင့်ရရှိရေးအတွက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့်ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့သို့ ပေးပို့ညှိနှိုင်းခဲ့ပါတယ်။ ဒေသန္တရဆေးပေးခန်းများ အသစ်ဆောက်လုပ်ရန်အတွက် ၁၅-၁-၂၀၁၅ ရက်နေ့တွင် တင်ဒါအောင်မြင်သောကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ငွေပေးချေရာတွင် လုပ်ငန်းပြီးစီးမှုအရ ငွေပေးချေခြင်းဖြစ်၍ လုပ်ငန်းပြီးစီးမှုမရှိသော လုပ်ငန်းများအတွက် ရန်ပုံငွေများကို ဘဏ်မှ ထုတ်ယူထားခြင်းမရှိပါကြောင်းနှင့် ဆေးရုံ၊ ဆေးပေးခန်းများ၊ အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးလျင်မြန် ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ကျွန်တော် ထပ်ဆင့်မေးခွန်း မေးတာတော့ မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်အနေနဲ့ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်ကို ကျေးဇူးတင်ပါတယ်။ ကျေနပ်ပါတယ်။ သို့သော် ကျွန်တော်တို့လွှတ်တော်ကနေ တရားဝင်ခွင့်ပြုလိုက်တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ(က)ကနေ (စ)အပိုဒ်မှာပါပါတယ်။ ဒီငွေကို ကျွန်တော်တို့ လွှဲပြောင်းသုံးစွဲခြင်း၊ ခေါင်းစဉ်ပြောင်းခြင်းမပါပါဘူး။ သို့သော် ပြောင်းခဲ့မယ်ဆိုပြီးလို့ရှိရင် ကျွန်တော်တို့မြို့နယ်မှာ ခွင့်ပြုလိုက်တဲ့ အဆောက်အဦတွေက အသစ်ဖြစ်ပါတယ်။ မြေကြီးပဲရှိပါတယ်။ အဆောက်အဦမရှိတော့ပါဘူး။ ဒါကြောင့် မတ်လ ၃၁ ရက်နေ့က ပေးလိုက်တဲ့ငွေများသည် ခေါင်းစဉ်ပြောင်းခဲ့တယ်ဆိုလို့ရှိရင်လည်း ၁၀ လလောက်တော့ မကြာသင့်ဘူးလို့ထင်ပါတယ်။ ဒါတွေကို နောင်မှာ ဒီလိုပဲဆက်ဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့က ဒါတစ်မြို့နယ်တည်းပါ။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်ပေါင်း ၃၃၀ မှာ ကျန်တဲ့ မြို့နယ်တွေက တင်ပြခွင့်မရလို့ ကျွန်တော့်လို မတင်ပြတာဖြစ်ပါလိမ့်မယ်။ အချိန်မရတဲ့အခါကျတော့ အဆောက်အဦတွေက တစ်လပဲကျန်တော့တယ်။ တူးရမယ့်နေရာ Earth Works က နှစ်ပေ၊ သုံးပေတူးရမှာကို ယနေ့အချိန်မရတဲ့ အတွက်ကြောင့် ခြောက်လက်မတောင်မတူးရဘူး။ စစ်မယ့်သူလည်းမရှိဘူး။ လုပ်ငန်းတွေပြီးလာတဲ့

အခါကျတော့လည်း အရည်အသွေးတွေ နိမ့်ကျလာတာတွေဖြစ်လာပါတယ်။ ဒါကြောင့် နောင်လာမယ့် နှစ်တွေမှာ အလားတူခေါင်းစဉ်ပြောင်းလို့ သုံးခဲ့မယ်ဆိုလို့ရှိရင်လည်း (၁၀)လမကြာဘဲနဲ့ လုပ်နိုင် ကိုင်နိုင်တဲ့ အချိန်ပေးဖို့လိုကြောင်း အကြံပြုတင်ပြပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ထပ်ဆင့်မေးခွန်းမေးမယ်အောင်မေ့လို့။ ကျေးဇူးတင်ပါတယ်။ အကြံပြု ပေးတဲ့အတွက် နောက်တစ်ခါဆိုရင်လည်း ကိုယ်စားလှယ်အကြံပြုစရာရှိရင်လည်း စာလေးနဲ့ပဲ ရေးသားပြီးတော့ ပေးပို့လိုက်ရင် ပိုပြီးတော့ ကောင်းမယ်ထင်ပါတယ်။

**လမိုင်း-သောင်ပြင်-တောင်ဘုံ-အာယုတောင် ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ကတ္တရာ လမ်းအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ လမိုင်းမြို့ကနေ သောင်ပြင်-တောင်ဘုံ-အာယုတောင် ကျေးရွာချင်းဆက်လမ်း မြေသားလမ်းမှ ကတ္တရာ လမ်းအဖြစ်သို့ တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းမမေးမြန်းခင်မှာ ကျွန်မတို့ရဲ့ အခုသောင်ပြင်ကျေးရွာမှာဆိုရင် ပြည်သူလူထုရဲ့ ထည့်ဝင် ငွေနဲ့ ကျေးရွာချင်းဆက်လမ်းမဟုတ်ဘဲနဲ့ ကျေးရွာအတွင်းလမ်းတွေကို ပြုပြင်ဆောင်ရွက်နေတာရှိပါ တယ်ရှင်။ ကျွန်မတို့ ပြည်သူလူထုရဲ့ ထည့်ဝင်ငွေနဲ့ ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုက ရာဘာ ဈေးကျနေတဲ့အချိန်ကာလမှာ ထည့်ဝင်ငွေဆိုတာ အရမ်းအခက်အခဲဖြစ်နေပါတယ်ရှင်။ ဒါပေမယ့် သူတို့က ဒီလိုအပ်ချက်အရဆိုပြီးတော့ပေါ့။ အဲဒီမှာ တစ်အိမ်ကို ၂၀၀၀၀၀၊ ၃၀၀၀၀၀ ကနေစပြီးတော့ တချို့ဆိုရင် ၁၀၀၀၀၀၀ ပတ်ဝန်းကျင်အထိ ပေးဆောင်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ တချို့က ထောင့်အိမ်ကျတဲ့အခါကျတော့ လမ်းရဲ့မျက်နှာစာနှစ်ဖက်အနေနဲ့ ဆောင်ရွက်ရတာရှိပါ တယ်။ အခု ကျွန်မ Slide မှာပြထားတဲ့ ဓာတ်ပုံတွေဆိုရင် ဆောင်ရွက်ထားတဲ့ လမ်းပိုင်းပေါ့။ အဲဒါ ရွာတွင်းမှာ ဆောင်ရွက်ထားတဲ့ လမ်းပိုင်းမှာရှိပါတယ်။ အဲဒီဆောင်ရွက်ထားတဲ့ လမ်းပိုင်းက အခု လောလောဆယ် ၂ မိုင်လောက်တော့ပြီးဆုံးနေပါပြီ။ ကျန်တာ ၂ မိုင်ကျော်ကျော်ကျန်နေပါသေး

တယ်ရှင်။ ဒါကြောင့် ကျွန်မကတော့ ဒီရွာအတွင်းမဟုတ်ဘဲနဲ့ ရွာချင်းဆက်လမ်းကို မေးမြန်းသွားချင်တာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ၏ မဲဆန္ဒနယ်ဖြစ်သော ရေးမြို့နယ်အတွင်းရှိ လမိုင်းမြို့ကနေ သောင်ပြင်-တောင်ဘုံ-အာယုတောင် ကျေးရွာအုပ်စုချင်းဆက်လမ်းသည် ရေးမြို့နယ်မှ လမိုင်းမြို့နယ်သို့ ဆက်သွယ်ထားသော အတွင်းလမ်းဖြစ်ပြီး ကျေးရွာနေပြည်သူများမှ အားကိုးအားထားပြုသွားလာနေကြတဲ့ လမ်းဖြစ်ပါတယ်။ ၎င်းလမ်းကို အိမ်ထောင်စု ၅၀၀၀ ကျော်နဲ့ လူဦးရေ ၃၁၉၁၄ ဦးတို့သွားလာနေတဲ့ လမ်းလည်းဖြစ်ပါတယ်ရှင်။ မိုးအခါမှာ မြေသားလမ်းမှာ ဆိုးရွားစွာပျက်စီးပြီး သွားလာမှုအဆင်မပြေဘဲ အခက်အခဲများစွာ ဖြစ်နေပါတယ်။ ၎င်းမြေသားလမ်းကို ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ပေးနိုင်ပါရန် ကျေးရွာနေပြည်သူများမှ လိုအပ်သော ကျောက်များကိုလည်း ကျေးရွာအုပ်စုအပိုင်းအလိုက် စုဆောင်းထားရှိပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်ပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဌေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဌေးဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး တင်ပြမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ် လမိုင်း-သောင်ပြင်-တောင်ဘုံ-အာယုတောင်ကျေးရွာချင်းဆက်လမ်း အရှည်ဟာ ၁၀ မိုင်နှင့် ၄ ဖာလုံရှိပါတယ်။ ကျေးရွာလေးရွာ၊ အိမ်ခြေပေါင်း ၄၂၅၀ နဲ့ လူဦးရေ ၂၃၀၀၀ ကျော်ကို အကျိုးပြုပါတယ်။ အဆိုပါလမ်းကို ကတ္တရာလမ်းခင်းမယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ၉၁၃.၆၀၅ သန်းခန့်ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ မွန်ပြည်နယ်တစ်ပြည်နယ်လုံးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်လမ်း၊

တံတား ခွင့်ပြုရန်ပုံငွေဟာ ယခုနှစ်အပေါ်တွင် ၃.၇၅ ဘီလီယံရှိပြီးတော့ မိုင်အားဖြင့်ဆိုလို့ရှိရင် ကတ္တရာလမ်း ၁၃ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၂၃ မိုင် ၁ ဖာလုံနဲ့ မြေသားလမ်း ၅၁ မိုင် ခွင့်ပြုခဲ့ပါတယ်။ ရေးမြို့နယ်အနေနဲ့ အချုပ်အနေနဲ့ပြောရရင်တော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ယခုနှစ်မှာ ၅၉၇.၄၅ သန်း၊ ကတ္တရာလမ်း ၂ မိုင်၊ ကျောက်ချောလမ်း ၂ မိုင်၊ မြေသားလမ်း ၂၁ မိုင် စုစုပေါင်း ၂၅ မိုင် ခွင့်ပြုခဲ့ပါတယ်။ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုတဲ့စာရင်းထဲမှာဆိုရင် ၃ မိုင်အရှည်ရှိတဲ့ ရေးမြို့နယ်အတွက် ကျပ်ငွေ ၄၁၁.၄၃ သန်း ခွင့်ပြုလျာထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းထားတဲ့ ရေးမြို့နယ်အတွင်းမှာ လမိုင်း-သောင်ပြင်-တောင်ဘုံ-အာယုတောင် ကျေးရွာချင်းဆက်လမ်းနဲ့ပတ်သက်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ကျွန်တော်တို့ ခွင့်ပြုထားခြင်းမရှိကြောင်း တင်ပြလိုပါတယ်။ လတ်တလော ဆောင်ရွက်ထားခြင်းလည်း မရှိကြောင်း တင်ပြလိုပါတယ်။ သို့သော်လည်း ခုနက လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဒေါ်မိမြင့်သန်းတင်ပြထားတဲ့ တင်ပြထားတဲ့ အခြေအနေအရဆိုရင်တော့ ၁၀ မိုင်နဲ့ ၄ ဖာလုံရှိတဲ့ ရွာလေးရွာအတွက် ခန့်မှန်းကတ္တရာလမ်းဆောင်ရွက်မယ်ဆိုရင် ၉၁၃.၆ သန်း လောက်ကုန်ပါတယ်။ အဲဒီကနေ တစ်စိတ်တစ်ပိုင်းက ပြည်သူလူထုကလည်း ထည့်ဝင်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ ထောက်ပံ့ငွေအဖြစ် ကတ္တရာ သို့မဟုတ် လိုအပ်တဲ့ဟာကို တွက်ချက်ပြီးတော့ ၁၀ မိုင်လုံးမတတ်နိုင်ရင်တောင်မှ ၂ မိုင်၊ ၃ မိုင် လျာထားပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အုတ်တွင်းမြို့နယ် လှေဆွဲမြောင်းကျေးရွာရှိ ချောင်းကူးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အုတ်တွင်းမြို့နယ် မြက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်းကျေးရွာမှာရှိတဲ့ တံတားကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါ တယ်။ အဲဒီတံတားဟာ မိုးရာသီမှာဆိုလို့ရှိရင် မိုးများအဆက်မပြတ်ရွာသွန်းတာတွေ၊ အင်းကွင်းကရေတွေ၊ ခပေါင်းဆည်ကရေတွေ ကျလာတဲ့အတွက် ချောင်းကမ်းပါးတွေပြိုပြီးတော့ တံတားထိပ်မှာ တော်တော်

ပြိုကျနေပါတယ်။ တံတားရဲ့အနေအထားကလည်း တော်တော်ပျက်စီးနေပြီးတော့ စစ်တောင်းမြစ် ရေကြီးတဲ့အခါမှာ တံတားအပေါ်မှာ သုံးပေလောက်မြင့်ပြီးတော့ ရေကြီးနေပါတယ်။ အဲဒါကြောင့်မို့လို့ အသက်အန္တရာယ်လည်း အင်မတန်မှ စိုးရိမ်ရပါတယ်။ ဒီတံတားဟာဆိုလို့ရှိရင် လှေဆွဲမြောင်းရယ်၊ ဝွေ့ကြီးရယ်၊ စမွတ်ကျေးရွာရယ်၊ ချောင်းကြိုးကျေးရွာရယ်ကနေပြီးတော့ အိမ်ထောင်စု ၈၀၀ နဲ့ ပြည်သူလူထု ၅၀၀၀ ကျော်ဟာ နေ့စဉ်နဲ့အမျှ ဖြတ်သန်းသွားလာပြီး ကျောင်းသားကျောင်းသူများ လည်း သွားလာနေတဲ့တံတားဖြစ်တဲ့အပြင် တစ်ဖက်ကမ်းမှာရှိတဲ့ ထန်းတပင်မြို့နယ်က ပြည်သူများ ဟာလည်း စီးပွားရေးအလို့ငှာ ရောင်းဝယ်ဖောက်ကားရတဲ့တံတားလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတံတားကို တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ပေ ၈၀၊ အကျယ် ၁၅ ပေ၊ အနက် ပေ ၂၀ ခန့်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ အုတ်တွင်းမြို့နယ်မှာရှိတဲ့ မြက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်းကျေးရွာရှိ တံတားအား အသစ်ပြန် လည်ပြုပြင်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးမည် နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဌေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးတော့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်ဌေးမှ ပြန်လည်တင်ပြမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညီညီမြင့်မှ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်း မြို့နယ် မြက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်းကျေးရွာ တံတားဟာ ပေအရှည် ၈၀ ခန့်ရှိပါတယ်။ ပျက်စီးလျက်လည်းရှိပါတယ်။ သစ်သားတံတားလည်းဖြစ်ပါတယ်။ ကျေးရွာကိုးရွာမှ ပြည်သူပေါင်း ၅၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါတယ်။ အဆိုပါတံတားတည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျ ငွေ ၅၆.၀၀ သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊

ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၁၉.၁၂၆ ဘီလီယံ ခွင့်ပြုထားခဲ့ပါတယ်။ ကတ္တရာလမ်း ၂၁ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်း ၁၅၂ မိုင်၊ မြေသားလမ်း မိုင် ၂၇၀ နှင့် ၆ ဖာလုံ၊ ကွန်ကရစ်တံတား ၆၀ ပေ၊ သစ်သားတံတား ၅၂၆၅ ပေ၊ ကွန်ကရစ်ရေပြွန် ၈၅၉ ပေနှင့် ရေပြွန် ၈၈၀ ပေတို့ကို ဆောင်ရွက်ခွင့်ပြုထားခဲ့ပါတယ်။ အုတ်တွင်းမြို့နယ်အချုပ်အနေနဲ့ တင်ပြရရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ဖြည့်စွက်အပါအဝင် ၄၃၇.၁၄ သန်း လမ်းတံတားကို ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ ယခု ၂၀၁၅-၂၀၁၆ အတွက်လည်း ၂၀၄.၉၂၉ သန်း ဆောင်ရွက်ရန် လျာထားထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ မြက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်းကျေးရွာ တံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးရန်ပုံငွေမှာ လျာထားတဲ့အထဲမှာ ပါဝင်ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ရန်လည်း မရှိပါဘူး။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ် အတိုင်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးခင်ဗျား။ ဒီ ကျေးရွာတံတားဟာဆိုလို့ရှိရင် အင်မတန်မှ ပျက်စီးနေပြီးတော့ မိုးရာသီမှာ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း စစ်တောင်းမြစ်ရေတက်လာလို့ရှိရင် တံတားပေါ်မှာ သုံးပေလောက်မြင့်တဲ့အတွက် ကျောင်းသားကျောင်းသူတွေ ဖြတ်သန်းသွားလာရင်းနဲ့ မကြာခဏဆိုသလို ရေထဲပြုတ်ကျပြီးတော့ အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ တံတားမှာ လည်း အလွန်ပျက်စီးပြီးတော့ တံတားရဲ့ထိပ် ကမ်းပါးတွေလည်း ပြိုနေတဲ့အတွက် အများပြည်သူရဲ့ အသက်ဘေးအန္တရာယ်စိုးရိမ်ရတဲ့အတွက် ဖြစ်နိုင်မယ်ဆိုရင် ဒီကာလအတွင်း သို့မဟုတ် လာမယ့် Supplementary မှာဖြစ်ဖြစ် ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ်များရှိပါသလားဆိုတာ သိရှိလိုပါကြောင်း ထပ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ အုတ်တွင်းမြို့နယ် မြက်နီကွင်းကျေးရွာ လှေဆွဲမြောင်းတံတားနဲ့ပတ်သက်လို့ သွားရောက် စစ်ဆေးတဲ့အခါမှာ အင်မတန်မှလည်း ပျက်စီးနေတာတွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ ဘဏ္ဍာငွေ လျာထားတဲ့အခါမှာလည်း သူရဲ့ ဦးစားပေးထဲမှာ သူက တတိယနေရာရောက်နေတဲ့အတွက်ကြောင့်

အခုနက တင်ပြသလို ဖြည့်စွက်မှာဖြစ်ဖြစ် ကျွန်တော်တို့ ဒီမှာ ကျန်တဲ့ အရန်ထောက်ပံ့ငွေမှာဖြစ်ဖြစ် ကျွန်တော်တို့ ထည့်သွင်းပြီးတော့ လျာထားပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

**မံစီမြို့နယ်အတွင်းရှိ မန်သဲကျေးရွာနှင့် ဟန်ထက်ကျေးရွာ ရွာချင်းဆက်တာပေါင်ရိုးလမ်း တာရိုးဖို့လုပ်ငန်းအား ပြင်ဆင်ပံ့ပိုးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(မံစီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မံစီမြို့နယ်အတွင်းရှိ မန်သဲကျေးရွာ ကျောင်းသားများနှင့် ဒေသခံပြည်သူများ အဓိကသွားလာနေကြတဲ့ တာဘောင်ရိုးလမ်းအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းခဲ့ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၎င်းတာဘောင်ရိုးအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များမှာ ပြုပြင်ပေးရန်မရှိကြောင်းနှင့် တာဘောင်ရိုးလမ်းဖောက်လုပ်ရာတွင် တာဘောင်ရိုးမြေများအား လမ်းဝဲ/ယာမြေ လယ်မြေများမှ တူးဖော်ရန် လယ်မြေပေါ်ဖြတ်သန်းသွားလာမှု လယ်ရှင်များက ခွင့်ပြုပေးရန်လိုအပ်ကြောင်း ပြန်ကြားလာပါတယ်။ အဆိုပါတာဘောင်ရိုးလမ်းကို မန်သဲကျေးရွာ၊ ဟန်ထက်ကျေးရွာ တာဘောင်ရိုးလမ်းအတွက် တာရိုးမြေများအား လမ်းဝဲ/ယာမြေများကို တူးယူရန် လယ်မြေအပေါ် ဖြတ်သန်းသွားလာမှုများအား အုပ်ချုပ်ရေးမှူးနှင့် လယ်ယာရှင်များ ခွင့်ပြုချက်များပြန်လည်ရရှိပြီး ဖြစ်ပါတယ်။ သို့ပါ၍ မန်သဲကျေးရွာနှင့် ဟန်ထက်ကျေးရွာ တာဘောင်ရိုးလမ်းပြုပြင်ခြင်းကို မိုးရာသီမတိုင်မီ အမြန်လိုအပ်လျက်ရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံတင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ်၊ မံစီမြို့နယ်အတွင်းမှာရှိတဲ့ မန်သဲကျေးရွာမှ ဟန်ထက် ကျေးရွာ ဆက်သွယ်ထားတဲ့ တာဘောင်ရိုးလမ်းမှာ အရှည် ၁ မိုင်ခန့်ရှိပြီးတော့ မြေပြုပြင်ခြင်းအပါအဝင် သဲကျောက်လမ်းခင်းလို့ရှိရင် ငွေကျပ် ၈၇.၁၉ သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်ခင်ဗျား။ အဆိုပါလမ်းဟာ ကျေးရွာနှစ်ရွာရှိ လူဦးရေပေါင်း ၂၁၂၁ ဦး အကျိုးပြုပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၇.၀၂ ဘီလီယံ ကျပ်သန်းပေါင်း ခွင့်ပြုခဲ့ပါတယ်။ ကတ္တရာလမ်း မိုင် ၂၀၊ ကျောက်ချောလမ်း မိုင် ၆၀၊ ၆ ဖာလုံ၊ မြေသားလမ်း ၇၉ မိုင် ၂ ဖာလုံနှင့် ကွန်ကရစ်တံတား ၂၀၀ ပေ၊ သစ်သား တံတား ၁၇၄၅ ပေ၊ ရေပွန် ၆၃၈ ပေကို ဆောင်ရွက်ခွင့်ပြုပြီး ဖြစ်ပါတယ်။

မံစီမြို့နယ်အတွင်းမှာလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြီးခဲ့တဲ့နှစ်မှာ ရန်ပုံငွေ ၁၀၈.၂၀ သန်း ကျောက်ချောလမ်း ၂ မိုင်ခင်းရန် ခွင့်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ မံစီမြို့နယ်အတွင်းမှာရှိတဲ့ မန်သဲကျေးရွာမှ ဟန်ထက်ကျေးရွာချင်းဆက် သဲကျောက်လမ်း ၁ မိုင် ခင်းခြင်းလုပ်ငန်းကို ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားပြီးတော့ တင်ပြအတည်ပြုချက် ရယူပြီး ခွင့်ပြုပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ ဒီနေ့မေးခွန်းများ မေးမြန်းတာရော၊ ဖြေကြားတာရော ကျွန်တော့်အနေနဲ့တော့ ကြားရတာအင်မတန်ကျေနပ်ပါတယ်။ ပီတိလည်းဖြစ်ပါတယ်။ ဝမ်းသာလည်း ဝမ်းသာပါတယ်။ မြို့နယ်အသီးသီးအတွက် မေးတဲ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများကလည်း သူတို့ရဲ့ဆန္ဒတွေနဲ့ သူတို့တင်ပြထားချက်တွေကို သက်ဆိုင်ရာကလည်းဖြေကြားပေးတဲ့ အတွက် အခုဆိုရင်ရာနှုန်း ပြည့်လောက်နီးနီးပါပဲ။ ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်မေးတာလည်းပဲ ကျေးလက်ကျန်းမာရေးဌာနခွဲတွေ ဖွင့်လှစ်ပေးမယ်ဆိုတဲ့အဖြေလေးတွေလည်း ကျေနပ်အားရစရာ

ကောင်းပါတယ်။ မာန်အောင်က ဦးအောင်စိန်မေးမြန်းတဲ့ ကျန်းမာရေးနှင့်ပတ်သက်လို့လည်း ဒီသုံးခု မှာနှစ်ခုတောင်မှ ဆက်ပြီးတော့ ဖွင့်ပေးမယ်ဆိုတာလေးတွေကြားရတဲ့အတွက်လည်း ကျွန်တော် ပြည်သူများအတွက် အင်မတန်ကျေနပ် အားရဝမ်းသာစရာဖြစ်ပါတယ်။ နောက် ရွှေပြည်သာ မဲဆန္ဒနယ်က ဦးတင်မောင်ဦးမေးမြန်းတဲ့ မေးခွန်း မှာလည်းပဲ ပထမတော့ တကယ်တမ်းပြောရရင် အဆင့်မြှင့်တင်ပြီးတော့ ပြန်လည်မွမ်းမံမယ့်ကိစ္စလေးမှာ ပြန်ပြီးတော့တောင်မှ မွမ်းမံရုံတင် မဟုတ် တော့ဘဲနဲ့ အသစ်ပါတဖန် ပြန်လည်တည်ဆောက်ပေးမယ်လို့ကြားရတဲ့အတွက် ဘာပဲပြောပြော အင်မတန်ကျေးဇူးတင်ဝမ်းသာစရာကောင်းတဲ့ အဖြေလေးတွေဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ မွန်ပြည်နယ်က ဒေါ်မိမြင့်သန်းမေးတဲ့မေးခွန်းအရလည်းပဲ မြေသားလမ်းကိုလည်းပဲ ဖြည့်စွက် ပြီးတော့ဆောင်ရွက်ပေးမယ်ဆိုတာတွေရော၊ နောက် အုတ်တွင်းမဲဆန္ဒနယ်က ဦးညီညီမြင့်ရဲ့ မေးခွန်းမှာလည်းပဲ ကျွန်တော်တို့ဖြည့်စွက်ရန်ပုံငွေမှာ ဖြည့်စွက်ပြီးလုပ်ပေး မယ်ဆိုတဲ့စေတနာတွေနဲ့ နောက် ဦးထွန်းထွန်း၊ မံစီမဲဆန္ဒနယ်ရဲ့ဆန္ဒလေးကိုလည်းပဲ အစီအစဉ်ထဲမှာပါရှိနေပြီ။ ဆောင်ရွက် ပေးမယ်ဆိုတာလေးတွေ ကြားရတဲ့အတွက် ဘာပဲပြောပြောကြားရတာနဲ့ပဲ မေးခွန်းမေးမြန်းတဲ့ ကိုယ်စားလှယ်များကိုယ်စား အတူတူပဲ ကျွန်တော်တို့ပါ ထပ်တူပီတိဖြစ်ပါတယ်။ ကျေးဇူးလည်း တင်ကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့်အတည်ပြု၍ ပေးပို့လာတဲ့ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ဖြစ်တဲ့ ၃၀-၃-၂၀၁၅ ရက်နေ့မှာ လက်ခံရရှိကြောင်း အသိ ပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ် ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် များကို တိကျစွာရေးသားဖော်ပြ၍ ၂-၄-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီးအမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦး

မျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်များဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ မိုက်ပေးပါ။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်းပူးပေါင်းကော်မတီမှာလည်း ကျွန်မကဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မက ဒီထဲမှာပါတဲ့စကားလုံးလေးကိုပြင်ချင်တာပါ။ စကားလုံးဆိုတာက ကျွန်မတို့ CPA အကြောင်းနည်းနည်းပြန်ပြောဦးမှဖြစ်မှာပါ။ Certified Public Accountant လက်မှတ်ရပြည်သူ့စာရင်းကိုင်ဆိုတာ စာမေးပွဲနှစ်တန်း နှစ်နှစ်အောင်ပြီးကာမှ စာမေးပွဲအောင်တာဖြစ်ပါတယ်။ စာမေးပွဲအောင်ရုံနဲ့မရပါဘူး။ သူက အသက်မွေးဝမ်းကျောင်းပညာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆရာဝန်တွေမှာ House Surgeon ဆင်းရသလိုပဲ ကျွန်မတို့ CPA မှာလည်း အလုပ်သင်ဆင်းရပါတယ်။ အဲဒီတော့ အလုပ်သင်ကာလဆိုတာ နှစ်နှစ်သတ်မှတ်ထားပါတယ်။ အလုပ်သင်ကာလနှစ်နှစ်ပြည့်တဲ့အခါမှ CPA ဆိုတဲ့ဘွဲ့ရလို့ CPA ဒီမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်ပြည့်လို့ ပြောထားတာရှိပါတယ်။ အဲဒီတော့ ကျွန်မက ဒီပြည့်ဆိုတဲ့ဟာလေးက တစ်နည်းအားဖြင့် ဒီလုပ်ငန်းကို ကျွမ်းကျင်စွာပေါက်မြောက်အောင်မြင်ကြောင်းကို ပြောတဲ့သဘောဖြစ်ပါတယ်။ အဲဒီတော့ သတ်မှတ်ထားတဲ့စာရင်းကိုင်အလုပ်သင်ကာလ ပြည့်မီတာကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ကျွန်မက ပြည့်အစား ပြည့်မီ(မလုံးကြီးတင်ဆံခတ်မီ) ဆိုတဲ့တစ်လုံးထပ်ထည့်ချင်တာပါ။ ပြည့်ဆိုတာက ဥပမာ- ဦးမျိုးမြင့်(CPA)ဆိုပြီးရော။ တကယ့်တကယ်ကျတော့ ဘွဲ့ပြည့်မီတွေ၊ အောင်တွေထည့်စရာမလိုပါဘူး။ ရိုးရိုးစာမေးပွဲပဲအောင်ရင်အောင်။ အလုပ်သင်ကာလပြည့်သွားပြီဆိုရင် ပြည့်ဆိုတာထည့်တာပါ။ အဲဒီတော့ ကျွန်မက ပြည့်အစား ပြည့်မီလေးပြင်ချင်တာပါ။ ခွင့်ပြုပေးပါရန် ဒုတိယဥက္ကဋ္ဌကြီးအား ခွင့်တောင်းအပ်ပါတယ်။ စာလုံးပြင်မယ်ဆိုလို့ရှိရင် စာမျက်နှာ ၃ အမှတ်စဉ် ၇၊ အမှတ်စဉ် ၈ တွေမှာ စာမျက်နှာအားလုံး ၁၃ မျက်နှာမှာ ၁၃ နေရာပြင်ရမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၃မှာ အမှတ်စဉ် ၇၊ ၈၊ စာမျက်နှာ ၇ မှာ အမှတ်စဉ် ၁၄၊ စာမျက်နှာ ၁၆ မှာ

အမှတ်စဉ် ၁၇၊ စာမျက်နှာ ၁၉ မှာ အမှတ်စဉ် ၇၄၊ စာမျက်နှာ ၂၀ မှာ အမှတ်စဉ် ၈၂၊ စာမျက်နှာ ၂၃ မှာ အမှတ်စဉ် ၉၇၊ စာမျက်နှာ ၂၇ မှာ အမှတ်စဉ် ၁၁၄၊ စာမျက်နှာ ၂၉ မှာ အမှတ်စဉ် ၁၂၁၊ စာမျက်နှာ ၃၄ မှာ အမှတ်စဉ် ၁၄၃၊ စာမျက်နှာ ၃၈ မှာ အမှတ်စဉ် ၁၅၉၊ စာမျက်နှာ ၃၉ မှာ အမှတ်စဉ် ၁၆၀၊ ၁၆၂၊ စာမျက်နှာ ၄၀ မှာ အမှတ်စဉ် ၁၆၃၊ ၁၆၅၊ စာမျက်နှာ ၄၅ မှာ အမှတ်စဉ် ၁၈၃။ ၁၃ မျက်နှာမှာ ရှိတဲ့နေရာတော်တော်များများလေးကို မီလေးလိုက်ထည့်ချင်တာပါ။ ခွင့်ပြုပေးပါရန် ဒုတိယဥက္ကဋ္ဌကြီး အား လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦး ဥပဒေကြမ်းကော်မတီဆွေးနွေး တုန်းက အစည်းအဝေးမှာ မပါဘူးနဲ့တူတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ နေ့လယ် ၁ နာရီမှာစတဲ့ ပြည်ထောင်စု လွှတ်တော်မှာ ကျွန်မသည် တစ်ဦးတည်းသော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဆွေးနွေးတဲ့ ကိုယ်စားလှယ် ဖြစ်တဲ့အတွက် အဲဒီနေ့မှာ ဥပဒေကြမ်းကော်မတီမှာ နေ့လယ် ၁ နာရီမှာလုပ်တဲ့ မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေကြမ်းအစည်းအဝေးကို မတက်ရောက်နိုင်ခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ တကယ်လို့ ကြားအနေနဲ့ပဲ မတက်ရောက်နိုင်ရင်တောင်မှ မိမိဖတ် ထားပြီးပြီဆိုလို့ရှိရင် ဥပဒေကြမ်းကော်မတီကိုပို့လိုက်ဖို့ကောင်းပါတယ်။ စာလေးရေးပြီးတော့။ အခုမှ ပြောတာထက်စာရင် ကြိုတင်ပို့လိုက်ရင်တောင် ပိုကောင်းပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒေါ်တင်နွယ်ဦးရဲ့အဆိုပြုချက်ကို သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ အစီရင်ခံစာ ဖြန့်ဝေတဲ့အခါမှာ ကန့်လန့်ဖြတ်ဇယားနှင့်အတူ နောက်ဆုံးမှာ ကျွန်တော်တို့ မှတ်ချက်မှာရေးထားပါတယ်။ ဥပဒေကြမ်းကော်မတီမှာ သတ်ပုံအမှားများ ပြင်ဆင်ခြင်း၊ ပုဒ်မ၊ ပုဒ်မခွဲအလိုက်စီခြင်း၊ အခန်းပြောင်းလဲခြင်းနှင့် အညွှန်းပုဒ်မများပြင်ဆင်ခြင်းကို စိစစ်အတည်ပြု ပြုပြင်အတည်ပြုပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံတင်ပြအပ်ပါ သည်ဆိုပြီးတော့လည်း ကျွန်တော်တို့ရဲ့မှတ်ချက်မှာ တင်ပြထားသလို လွှတ်တော်မစတင်ခင်မှာလည်းပဲ ကျွန်တော်တို့ရဲ့ ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနဲ့ ဒေါ်တင်နွယ်ဦးနဲ့ သဘောတူညီချက်ရရှိ ထားပြီးဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မီ ဆိုတဲ့စကားလုံးလေးကို ထည့်ချင်တဲ့ဟာကို ဥပဒေကြမ်းကော်မတီ အနေနဲ့ သဘောထားမှတ်ချက်ပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ထည့်လို့ရပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဟုတ်ကဲ့။ ရပါပြီ။ ဒေါ်တင်နွယ်ဦး ကျေနပ်ပေးပါလို့။ ဒါဆိုရင် လွှတ်တော်ပြန်မေးလိုက်ပါရစေ။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ဒေါ်တင်နွယ်ဦးရဲ့ စကားလုံးလေးဖြည့်တဲ့ မီဆိုတဲ့ဟာလေးအပါအဝင် ပြင်ဆင်ချက်နဲ့ အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ဒီနေရာမှာ ကြားဖြတ်ကလေးတစ်ခု အစီရင်ခံတင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်သည် ၅-၄-၂၀၁၅ ရက်နေ့ည ၈ နာရီ ၁၅ မိနစ်အချိန်မှာ ကွယ်လွန်အနိစ္စရောက်သွားပါတယ်။ အဲဒီလို ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့အတွက် အထူးဝမ်းနည်းစိတ်မကောင်း ဖြစ်ကြရပါတယ်။ ဦးပြည့်မောင်ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်အနိစ္စရောက်ခဲ့ပါက လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်ရက်စာနေ့တွက်စရိတ်ကို ကျန်ရစ်သူမိသားစုများအတွက်

စုပေါင်းထောက်ပံ့ကူညီရန်အတွက်လည်း သဘောတူညီခဲ့ကြပြီး ဖြစ်ပါတယ်။ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် ကွယ်လွန်ခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်ရက်စာ နေ့တွက်စရိတ်ဖြစ်တဲ့ ငွေကျပ် ၈၃၈၀၀၀၀ ကို ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ကျန်ရစ်သူမိသားစုထံ ပေးပို့သွားမည်ဖြစ်ကြောင်း ဝမ်းနည်းစွာနဲ့ တင်ပြအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ပြီးဆုံးပါသည်။]

**မှူကြမ်း**